# ကျွန်းဦးကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာ

# ပျဉ်းမနားမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း (၂၀၂၃-၂၀၂၄)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ကျွန်းဦးကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာ၊ပျဉ်းမနားမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄၊ ဇန်နဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၂-၃ |
| | **ကျွန်းဦးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပျဉ်းမနားမြို့နယ်** | ၄ |
| | **ကျွန်းဦးကျေးရွာ ကျေးရွာ ရာသီခွင်ပြပြက္ခဒိန် ပျဉ်းမနားမြို့နယ်** | ၄ |
| | **ကျွန်းဦးကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ပျဉ်းမနားမြို့နယ်** | ၅ |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅-၆ |
| **၃။** | **ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | ၆ |
| **၄။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| **၅။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆-၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇-၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| **၆။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| **၇။** | **ပညာရေး** | ၉ |
| **၈။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| **၉။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉-၁၀ |
| **၁၀။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| **၁၁။** | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁ |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ(၃)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း | |


**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ် အထိ (၃)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်

စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါ ယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇန်နဝါရီလ၊ ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းဦးကျေးရွာ
ပျဉ်းမနားမြို့နယ်

ပျဉ်းမနားမြို့နယ်၊ကျွန်းဦးကျေးရွာအုပ်စု၊ကျွန်းဦးကျေးရွာ၏ သယံဇာတပြမြေပုံ



ပျဉ်းမနားမြို့နယ်၊ကျွန်းဦးကျေးရွာအုပ်စု၊ကျွန်းဦးကျေးရွာ၏ ရာသီခွင်ပြပုံ



**ပျဉ်းမနားမြို့နယ်၊ကျွန်းဦးကျေးရွာအုပ်စု၊ကျွန်းဦးကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ**



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၏ အရှေ့ဘက်ပိုင်းတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျွန်းဦးကျေးရွာသည် ပျဉ်းမနားမြို့ နှင့် (၇)မိုင်ခန့် ကွာဝေးပြီး ပျဉ်းမနား-သကြားစက် လမ်းမပေါ်တွင် တည်ရှိပါသည်။လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည် ရှိပြီး အဓိကသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ (၂၉)လက်မ မှ (၃၀)လက်မခန့် ဝန်းကျင် တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျွန်းဦး ကျေးရွာတွင် ယာမြေများသာရှိပြီး နှမ်း၊ပဲ၊ပြောင်း၊ ကြံနှင့် ငှက်ပျောများ စိုက်ပျိုးကြပြီး အများစုမှာ ကုန်ထုတ်လုပ်ငန်း(ပဲလှော်) လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်း မုတ်သုံရာသီ ဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၃၉.၉°C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၁.၇°C)ရှိပါသည်။ တစ်နှစ် ပျမ်းမျှမိုးရေချိန်မှာ မိုးရေချိန်လက်မ (၂၉)လက်မ မှ (၃၀)လက်မခန့် ဝန်းကျင်တွင် ရှိပါသည်။ ကျွန်းဦး

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၃၀)စု ရှိသည့်အနက် အိမ်ထောင်စု(၅၄)စုသာ ယာမြေ များ ပိုင်ဆိုင်ကြပါသည်။ ကျေးရွာမှာ မြေပြန့်ဒေသဖြစ်သော်လည်း အနိမ့်ပိုင်း ရေဝပ်သည့် အတွက် မိုးများသည့်အခါ ယာခင်းများ ရေအလွယ်တကူ ဝပ်ပြီး စိုက်ပျိုးသီးနှံများ ပျက်စီး လွယ်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ ထွန်ယက် စိုက်ပျိုးနိုင်သည့်ဧက (၁၆၄.၅)ဧကရှိပြီး နှမ်း၊ပဲ၊ပြောင်း၊ကြံ၊ငှက်ပျော တို့ကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာတွင် အိမ်ထောင်စု (၂၃၀)စု၌ ကျား (၅၀၃)ဦး၊ မ(၆၀၂)ဦး၊ စုစုပေါင်း လူဦးရေ (၁၁၀၅)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၁၃%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ ထူထောင် ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ် လုပ်နိုင်သော လူဦးရေမှာ ပိုမိုများပြားပါသည်။ အသက် (၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ ( ၅ %)ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှု အဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်မှု သည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံး ညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုးအဖွဲ့ လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာ ဖွံ့ဖြိုးရေး ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများ အပိုင်း ( ဥပမာ- အဖွဲ့အစည်း များဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက်ရှိပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ

ကျေးရွာရှိအိမ်ထောင်စု၏ (၂၅%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ ဧက (၁၂၅)ဧကရှိပြီး စိုက်ပျိုးသီးနှံအဖြစ် ပဲ၊ပြောင်း၊နှမ်း၊ကြံနှင့် ငှက်ပျောများ စိုက်ပျိုးကြပါသည်။ ပဲ(၁)ဧက၊ ပြောင်း(၁၀၀)ဧက၊နှမ်း(၁)ဧက၊ကြံ(၁၀)ဧကနှင့် ငှက်ပျော(၁၀)ဧကစိုက်ပျိုးပါသည်။ ပဲ ပျမ်းမျှ အထွက်မှာ တစ်ဧကလျှင်(၁၀)တင်း၊ ပြောင်း ပျမ်းမျှ အထွက်မှာ တစ်ဧကလျှင်(၁၀)တင်း၊ နှမ်း ပျမ်းမျှ အထွက်မှာ တစ်ဧကလျှင်(၅)တင်း၊ ကြံ ပျမ်းမျှ အထွက်မှာ တစ်ဧကလျှင်(၂၅)တန်နှင့် ငှက်ပျော ပျမ်းမျှ အထွက်မှာ တစ်ဧကလျှင် (၆၅၀)ခိုင် ထွက်ရှိကြသည်။ စိုက်ပျိုးရေအတွက် ဆည်များ မရှိသည့်အတွက် မြေအောက်ရေကိုသာ ထုတ်ယူ သုံးစွဲကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

**ဇယား(၈) ကျွန်းဦးကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | မြင်း | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ |
|---|---|---|---|---|---|---|---|---|
| ၁ | ပျဉ်းမနား | ၁၂၀ | | ၅၀ | ၅၀ | | | |

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင် မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်းမရှိပါ။ နွား၊ ဝက်နှင့် ဆိတ် စသည့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အားလုံး၏ တစ်ပိုင်တစ်နိုင် နွားမွေးမြူသည့် အိမ်ထောင်စုမှာ (၂၀%) ခန့်ရှိပြီး အခြားသော ဆိတ်နှင့်ဝက် မွေးမြူရေးလုပ်ငန်းများကိုလည်း အနည်းငယ်မွေးမြူကြပါသည်။ ဆိတ်၊ နွားမွေးမြူ ရေးလုပ်ငန်းများအတွက် စားကျက်မြေ သီးသန့်မရှိပါ။ သီးနှံများ ရိတ်သိမ်း ပြီးချိန်တွင် စိုက်ကွင်းမြေများတွင် လွှတ်ကြောင်းရပြီး ကောက်ရိုးနှင့် ရိတ်သိမ်းပြီး ပဲပင်များကို နွားစာအဖြစ် ပြန်လည်အသုံးပြုကြပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနှင့် နည်းပညာ ဝန်ဆောင်မှုများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် ကုန်ထုတ်လုပ်ငန်းများအနေဖြင့် ပဲလှော်လုပ်ငန်းနှင့် ငါးမုန့်ကြော် လုပ်ငန်း များ ရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ ကုမ္ပဏီဝန်ထမ်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်း တို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစား အလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ

အသင့်အတင့်အနေအထားတွင်ရှိသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ် ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ စက်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းလ်ဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ရှိသော်လည်း ကျေးရွာသူ/သား အများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာ အရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ စေလွှတ်သင်ကြားကြသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင် ကျေးရွာ စီမံကိန်း ရှိပြီး အတိုးနှုန်းမှာ ပြား(၅၀) ဖြစ်ပါသည်။ သမချေးငွေနှင့် အခြားငွေစုငွေချေး အဖွဲ့အစည်းများလည်း များစွာ ရှိပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာ ရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာတွင် ပဲလျော်၊ပဲကြော်၊မာလာနှင့် ဒေသထုတ်ကုန်များအား Life Truck, သုံးဘီးကားများဖြင့် ကျေးရွာနှင့်(၇)မိုင်ခန့်ဝေးသော ပျဉ်းမနားမြို့တွင် တင်သွင်းပါသည်။ ကျွန်းဦးကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။

**(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး**

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအသုံး ပြုနေကြသည့် အိမ်ထောင်စုမှာ (၅၇%)နှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သေးသော အိမ်ထောင်စုမှာ(၃%)ရှိပါသည်။ မဟာဓါတ်အား လိုင်း၏ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း ကောင်းမွန်ပါသည်။

### (ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက် လက်နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TV, စလောင်းများ အများအပြား အသုံးပြုလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတ များနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန် လွယ်ကူစွာ ရရှိနိုင်ပါသည်။

## ၇။ ပညာရေး

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာတွင် မူလတန်းကျောင်း ဖွင့်လှစ်သင်ကြား လျက်ရှိပြီး၊ သွပ်မိုး၊ အုတ်နံရံကာများဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်များမှာ အရည်အသွေးကောင်းမွန်ပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းမရှိသဖြင့် ကလေးအများစုမှာ နီးစပ်ရာကျောင်းသို့ ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရယူ အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်များ အသင့်အတင့်ရှိပါသည်။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျန်းမာရေးမကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာများရှိခဲ့လျှက်ဖြစ်စေ ပျဉ်းမနားမြို့နယ် ကျေးရွာမှ (၇)မိုင် ခန့်ဝေးသော ကုတင်(၂၀၀)ဆေးရုံသို့ လည်းကောင်း၊ ကျေးရွာ၏(၁၉)မိုင်ခန့် အကွာတွင် နေပြည်တော် ကုတင်(၁၀၀၀)ဆံ့ ဆေးရုံသို့လည်းကောင်း သွားရောက် ကုသကြပါသည်။ ကျေးလက်နေပြည်သူများအကြား ဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန် တုပ်ကွေး ရောဂါများသည် ရာသီအလိုက် ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး တို့အတွက် ကျန်းမာရေး အသိပညာပေးခြင်းတို့အား ဆောင်ရွက်ပေးသင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ် ရောက်သူတိုင်းအား သတ်မှတ်ကာလများတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်

ထိုးပေးလျက်ရှိပါသည်။

**(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး**

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အိမ်သွယ်ရေတိုင်စနစ်ဖြင့် သောက်သုံးရေပေးဝေလျက်ရှိသောကြောင့် သောက်သုံးရေဖူလုံပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ (၉၅%)ရှိသဖြင့် ကျေးရွာ သူ/သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေသန့်ရှင်းရေး ဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။

## ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

**(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း**

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာတွင် မြေဆီလွှာအနေအထားမှာ မြေအမျိုး အစား ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိပ်ခွံ၊ ဘူးခွံများကို စနစ်တကျစွန့်ပစ်ကြသည့်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတများ အသင့်အတင့်ရှိပါ သည်။

**(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း**

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာသည် စစ်တောင်းမြစ်အနီးတည်ရှိသည့် အတွက် တခါတရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းတွင် ကျရောက်သော ကျေးရွာဖြစ်သည့်အလျှောက် အပူလွန်ကဲခြင်း ဖြစ်ပေါ်ပြီး မြေလျင်ပြတ်ရွေ့ ကျောပေါ်တွင် တည်ရှိသဖြင့် မကြာခဏလျင်ငယ်များ လှုပ်ခတ်မှုရှိပါသော်လည်း ပျက်ဆီး ဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှု ရှိသောကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့လျက်ရှိပါသည်။ မူခင်းများကာကွယ် တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မူခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲများအား (၁)နှစ် (၁)ကြိမ် ဟောပြောပြုလုပ်ပေးလျက်ရှိပါသည်။

## ၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာအတွင်းရှိ မိဘများသည် သားသမီးများကိုပညာ သင်ကြားမှု အပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာ သင်ကြားခွင့်ရှိကြပါ သည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ

အခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာ သာရေး နာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီး များ၏ ပူးပေါင်းပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့်အရေးပေးပြီးဖိတ်ကြားခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီး ပါဝင်မှုနှုန်းမှာ (၄%) သာရှိပါသည်။ ကျေးလက်နေ လူထု၏ အလုပ်လုပ်နိုင်သော အင်အားထက် ပတ်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေး ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေပါမည်။ ကျားမဆိုင်ရာတန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့်ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက် ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

**ပျဉ်းမနားမြို့နယ်၊ကျွန်းဦးအုပ်စု၊ကျွန်းဦးကျေးရွာ**

**အကောင်ထည်ဖော်ဆောင်ရွက်သည့် ကာလသတ်မှတ်ခြင်း**

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၂၁-၂၀၂၂(၆) လ | ၂၀၂၂ – ၂၀၂၃ | ၂၀၂၃ – ၂၀၂၄ |
|---|---|---|---|---|---|
| ၁ | **ရွာတွင်းလမ်းသွယ်များ ကွန်ကရစ်ခင်းခြင်း** | ၁ | A | | |
| ၂ | **Slab Culvert (၄)စင်း တည်ဆောက်ခြင်း** | ၁ | A | | |
| ၃ | **၄" စက်ရေတွင်းပန့်အသစ်တပ်ဆင်ခြင်း** | ၁ | A | | |
| ၄ | **ရေသန့်စင်စက်တပ်ဆင်ခြင်း** | ၁ | A | | |
| ၅ | **ဥက်ပျောစားသောက်ကုန်အမျိုးမျိုး ပြုလုပ်နည်း** | ၁ | A | | |

| | | | | | |
|---|---|---|---|---|---|
| ၆ | အခြေခံစာရင်းရေး၊စာရင်းကိုင်သင်တန်း | ၁ | A | | |
| ၇ | အိမ်ထောင်စုများသို့ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ခြင်း | ၁ | A | | |
| ၈ | ကျေးရွာခေါင်းဆောင်မှုနှင့်အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအသိပညာ ပေးသင်တန်း | ၁ | A | | |
| ၉ | ပိုးမွှားရောဂါကာကွယ်နှိမ်နှင်းရေးသင်တန်း | ၁ | A | | |
| ၁၀ | ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းသင်တန်း | ၁ | A | | |
| ၁၁ | ပဲကြီးသီးနှံအထွက်တိုးစေရန်အတွက် ပန်းပွင့်ချိန်တွင် ဆောင်ရွက်ခြင်း၊ ယူရီးယား လက်ရှား ပတ်ဖျန်း၍ အသုံးပြု စနစ်များ ပြသခြင်း | ၁ | A | | |
| ၁၂ | ရေမီတာကောက်ခံမှုစနစ် online/ offline Software အသုံးပြုနည်း သင်တန်း | ၁ | A | | |
| ၁၃ | နိုင်ငံသားမှတ်ပုံတင်မရရှိသေးသော ကျေးရွာသူ/သားများအား မှတ်ပုံတင် ပြုလုပ်ပေးခြင်း | ၁ | A | | |
| ၁၄ | ကျားမရေးရာအခွင့်အရေးတန်းတူရရှိရေးအသိပညာေ ေးဟောပြောပွဲ | ၁ | A | | |
| ၁၅ | ကလေးသူငယ်စောင့်ရှောက်ရေးအသိပညာ ပေးဟောပြောပွဲ | ၁ | A | | |
| ၁၆ | လုပ်ငန်းခွင်အလုပ်သမားများအတွက် အကာ အကွယ်ပစ္စည်းများထောက်ပံ့ခြင်း | ၁ | A | | |
| ၁၇ | အမှိုက်သိမ်းယာဉ်ဝယ်ယူခြင်း | ၁ | A | | |
| ၁၈ | စွန့်ပစ်အမှိုက်မီးရှို့ကန်တည်ဆောက်ခြင်း | ၁ | A | | |
| ၁၉ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ | ၁ | A | | |
| ၂၀ | မြေပေါ်ရေမြေအောက်ရေ(Water Quality Test)စစ်ဆေးခြင်း | ၁ | A | | |

| | | | | | |
|---|---|---|---|---|---|
| ၂၁ | ကုန်ထုတ်လမ်းရိစာခင်းခြင်း | ၁ | | A | |
| ၂၂ | ကျွန်းဦး-ဆင်သေကျေးရွာ<br>ချင်းဆက်လမ်း ကွန်ကရစ် ခင်းခြင်း | ၁ | | A | |
| ၂၃ | လျှပ်စစ်ကျွမ်းကျင်သင်တန်း | ၁ | | A | |
| ၂၄ | အခြေခံအပ်ချုပ်စက်သင်တန်း | ၁ | | A | |
| ၂၅ | အဆင့်မြင့်အပ်ချုပ်စက်သင်တန်း | ၁ | | A | |
| ၂၆ | မျိုးသန့်ပြောင်းလဲခြင်း | ၁ | | A | |
| ၂၇ | မျိုးစေ့ထုတ်လုပ်ခြင်း | ၁ | | A | |
| ၂၈ | မြေဆီလွှာဖွံ့ဖြိုးရေး | ၁ | | A | |
| ၂၉ | ပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း | ၁ | | A | |
| ၃၀ | မျိုးစေ့ထောက်ပံ့ခြင်း | ၁ | | A | |
| ၃၁ | နိုင်ငံသားမှတ်ပုံတင်မရရှိသေးသော<br>ကျေးရွာသူ/သားများအား မှတ်ပုံတင်<br>ပြုလုပ်ပေးခြင်း | ၁ | | A | |
| ၃၂ | ကျေးရွာခေါင်းဆောင်မှုနှင့်အစိမ်းရောင်<br>ကျေးလက်ဒေသဖွံ့ဖြိုးရေးအသိပညာ ပေးသင်တန်း၊ | ၁ | | A | |
| ၃၃ | ငွေစာရင်းရေးသွင်းခြင်း၊ စနစ်တကျ<br>မှတ်တမ်းတင်ခြင်းနှင့် လည်ပတ်ပြုပြင်<br>ထိန်းသိမ်းရေးသင်တန်း | ၁ | | A | |
| ၃၄ | လယ်ဝေးမြို့နယ် သော်မှော်ကုန်း ကျေးရွာ နှင့် တပ်ကုန်းမြို့နယ် ဝွေးပင် ကျေးရွာ များသို့ Exchange visitသွားရောက်လေ့လာ ခြင်း | ၁ | | A | |
| ၃၅ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲ | ၁ | | A | |
| ၃၆ | စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် | ၁ | | A | |

| | | | | | |
|---|---|---|---|---|---|
| | အသိပညာပေး ဟောပြောပွဲ | | | | |
| ၃၇ | ကျေးရွာတွင်းလမ်းသွယ်များကွန်ကရစ်ခင်းခြင်း | ၁ | | | A |
| ၃၈ | ကျွန်းဦး-မအူပင်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၁ | | | A |
| ၃၉ | ဆိုလာရေတင်စနစ်တပ်ဆင်ပေးခြင်း | ၁ | | | A |
| ၄၀ | E-Library စနစ်ဆောင်ရွက်ခြင်း | ၁ | | | A |
| ၄၁ | ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ (RBF)ထူထောင်ခြင်း | ၁ | | | A |
| ၄၂ | အခြေခံကွန်ပျူတာသင်တန်း | ၁ | | | A |
| ၄၃ | တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ခြင်း အသိပညာပေးသင်တန်း | ၁ | | | A |
| ၄၄ | ပိုမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း | ၁ | | | A |
| ၄၅ | အာဟာရတန်ဖိုးမြှင့်မြက်မျိုးဖြန့်ဝေပေးခြင်း | ၁ | | | A |
| ၄၆ | မျိုးသန့်ပြောင်းလဲခြင်း | ၁ | | | A |
| ၄၇ | မျိုးစေ့ထုတ်လုပ်ခြင်း | ၁ | | | A |
| ၄၈ | မြေဆီလွှာဖွံ့ဖြိုးရေး | ၁ | | | A |
| ၄၉ | ပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း | ၁ | | | A |
| ၅၀ | စံပြကွက်၊စမ်းသပ်ကွက် | ၁ | | | A |
| ၅၁ | သဘာဝမြေ ဇာဩဇာပြုလုပ်ခြင်း အသိပညာပေးသင်တန်း | ၁ | | | A |
| ၅၂ | ပိုးသတ်ဆေးစနစ်တကျ သုံးစွဲနည်းသင်တန်း | ၁ | | | A |
| ၅၃ | ကျေးရွာသက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေပေးအပ်ခြင်း | ၁ | | | A |

| | | | | | |
|---|---|---|---|---|---|
| ၅၄ | ကလေးသူငယ်စောင့်ရှောက်ရေး<br>အသိပညာဟောပြောပွဲ | ၁ | | | A |
| ၅၅ | မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး<br>အသိပညာပေး ဟောပြောပွဲ | ၁ | | | A |
| ၅၆ | အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး<br>လုပ်ငန်းများ<br>ဆောင်ရွက်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်<br>ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ပါမည် | ၁ | | | A |

မှတ်ချက်။၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်နှင့် ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးများအား ပြည်ထောင်စုဝန်ကြီးလမ်းညွှန်ချက်ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။

**ကျွန်းဦးကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာ၏ ၂၀၂၁-၂၀၂၂ခု၊(၆)ဘဏ္ဍာရေးနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ပညာ အရည်အချင်း | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးလှမိုးဆွေ | ဦးကျော်ဆွေ | ၉/ပမန(နိုင်)၁၂၇၇၂၉ | | ၉ တန်း | ဥက္ကဋ္ဌ | |
| ၂။ | ဒေါ်ဖွန့်ပွင့်ဖူး | ဦးလှမိုးဆွေ | ၉/ပမန(နိုင်)၂၈၈၇၃၀ | | တက္ကသိုလ် နောက်ဆုံးနှစ် | ဥက္ကဋ္ဌ(ဝယ်ယူရေး) | |
| ၃။ | ဦးစောဦး | ဦးသန်းဝင်း | ၁၂/သကတ(နိုင်)၁၅၁၈၅၀ | | ၇ တန်း | ဘဏ္ဍာရေးမှူး | |
| ၄။ | ဦးခင်မောင်လွင် | ဦးသိန်းဆွေ | ၉/ပမန(နိုင်)၁၂၈၃၀၈ | | ၄ တန်း | အတွင်းရေးမှူး | |
| ၅။ | ဒေါ်နန်းအိထွေး | ဦးမောင်အေး | - | | တက္ကသိုလ် နောက်ဆုံးနှစ် | စာရင်းကိုင် | |
| ၆။ | ဦးငြိမ်းစိုး | ဦးကျော်ခင် | - | | ၈ တန်း | အဖွဲ့ဝင် | |
| ၇။ | ဒေါ်မြမြဝင်း | ဦးမြင့်အောင် | ၉/ပမန(နိုင်)၂၂၂၂၃၂ | | ၅ တန်း | အဖွဲ့ဝင် | |

ကျွန်းဦးကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာ၏ ၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေးနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ပညာ<br>အရည်အချင်း | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးစောဦး | ဦးသန်းဝင်း | ၁၂/သကတ(နိုင်)၁၅၁၈၅၀ | | ၇ တန်း | ဥက္ကဋ္ဌ | |
| ၂။ | ဦးကျော်သက် | ဦးပွ | ၉/ပမန(နိုင်)၁၂၆၉၉၁ | | ၉ တန်း | ဥက္ကဋ္ဌ(ဝယ်ယူရေး) | |
| ၃။ | ဦးအောင်ဝင်း | ဦးချစ်တင် | ၉/ပမန(နိုင်)၀၄၃၂၈၈ | | ၇ တန်း | ဘဏ္ဍာရေးမှူး | |
| ၄။ | ဦးဝင်းမြင့် | ဦးမောင်ကို | ၉/ပမန(နိုင်)၀၄၂၉၂၃ | | ၄ တန်း | အတွင်းရေးမှူး | |
| ၅။ | ဒေါ်တိုးတိုးလွင် | ဦးမြင့်လွင် | ၉/ပမန(နိုင်)၁၉၅၂၃၀ | | ၉ တန်း | စာရင်းကိုင် | |
| ၆။ | ဒေါ်ခင်အုန်းမြင့် | ဦးဘိုခင် | ၉/ပမန(နိုင်)၁၄၃၂၂၃ | | ၄ တန်း | အဖွဲ့ဝင် | |
| ၇။ | ဒေါ်အုန်းမြင့် | ဦးပြူးကျော် | ၉/ပမန(နိုင်)၂၇၅၉၆၈ | | ၄ တန်း | အဖွဲ့ဝင် | |

**ကျွန်းဦးကျေးရွာအုပ်စု၊ ကျွန်းဦးကျေးရွာ၏ ၂၀၂၃-၂၀၂၄ခု၊ဘဏ္ဍာရေးနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အကဲ | ပညာ<br>အရည်အချင်း | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးလှမိုးဆွေ | | | | ၉ တန်း | ဥက္ကဋ္ဌ | |
| ၂။ | ဒေါ်ခင်လှဝေ | | | | ၄ တန်း | ဥက္ကဋ္ဌ(ဝယ်ယူရေး) | |
| ၃။ | ဦးဝင်းမြင့် | | | | ၄ တန်း | ဘဏ္ဍာရေးမှူး | |
| ၄။ | ဦးစောဦး | | | | ၄ တန်း | အတွင်းရေးမှူး | |
| ၅။ | ဦးခင်မောင်လွင် | | | | ၇ တန်း | စာရင်းကိုင် | |
| ၆။ | ဦးငြိမ်းစိုး | | | | ၈ တန်း | အဖွဲ့ဝင် | |
| ၇။ | ဦးဝင်းနိုင် | | | | ၄ တန်း | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၉ | ၁၇ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၁ | ၃၄ | ၇၅ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၆ | ၄၈ | ၈၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၃ | ၅၃ | ၉၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၂ | ၃၉၆ | ၇၃၈ | ၂ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၄၈ | ၆၆ | | |
| စုစုပေါင်း | | ၄၈၈ | ၅၈၈ | ၁၀၇၆ | ၂ | |
| စုစုပေါင်း အိမ်ထောင်စု | | | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။။** ကျွန်းဦးကျေးရွာတွင် အသက်၁၅ နှစ်မှ ၆၄ နှစ်အတွင်း အလုပ်လုပ်နိုင်သည့် အရွယ် များ ပြားပြီး အများစုမှာ ပဲလှော်လုပ်ငန်း ၊တောင်သူလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး လက်သမား၊ပန်းရံလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် | ရပ်တည်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | အိမ် | မိသားစု | အမျိုးသမီး | ဦးရေ | | |

| | | ထောင်စု | ဝင်လုပ်အား | ဦးဆောင်သည့်အိမ်ထောင်စု | ကျား | မ | သောအခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကိုေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၅ | ၁၇၁ | ၁၁ | ၈၁ | ၉၀ | | မြင့် ☐ လတ်√☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၁၀ | ၁ | ၅ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၃၃ | ၅ | ၁၈ | ၁၅ | ၂၀ | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | ၁ | - | - | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄ | ၄၆ | utr၄ | ၂၂ | ၂၄ | ၁ | မြင့် ☐ √ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၂ | ၁၂၅ | ၁၅ | ၅၃ | ၇၂ | ၁၆ | မြင့် ☐√ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | - | ၃ | - | - | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | - | ၅ | - | - | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | ၁ | - | - | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | - | - | ၃ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၆ | ၈၉ | ၁၉ | ၃၅ | ၅၄ | ၄၁ | မြင့် ☐ လတ်☐√ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | ၁ | မြင့် ☐ လတ်☐နိမ့် ☐√ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရေွးချယ်စရာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | ၁ | - | - | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၆ | - | ၆ | - | - | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐√ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐√ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | ၁ | ၁ | ၂ | - | မြင့် ☐ လတ်☐√ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | ၂ | - | - | မြင့် ☐ လတ်☐√ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြချက်ဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၁ | | ၁၁ | ၆၈ | ၃၃ | ၅ | မြင့် ☐ လတ်☐ နိမ့် ☐√ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၈ | ၂ | ၆ | ၂ | ၄ | မြင့် ☐ လတ်☐ နိမ့် ☐√ |
| | **စုစုပေါင်း** | | | | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်းဦးကျေးရွာသည် စိုက်ပျိုးရေးနှင့်ကုန်ထုတ်(ပဲလှော်)လုပ်ငန်း လုပ်ကိုင်ကြသူများ ဖြစ်ပြီး ရောင်းဝယ်ရေးလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်သူများလည်း အသင့်အတင့်ရှိပါသည်။ ကျွန်းဦးကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းအမျိုးအစားမှာ စိုက်ပျိုးရေးနှင့် ပဲလှော်လုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးမြေ

မရှိသောအိမ်ထောင်စုများသည် ရာသီပေါ်လုပ်ငန်းများတွင် အငှားလိုက်ခြင်း၊လက်သမား၊ပန်းရံလုပ်ငန်း လုပ်ကိုင် ခြင်းများ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာ၀ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | - | ၈၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်း၀ယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ ။ ကျွန်းဦးကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့်ကုန်ထုတ်လုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခနှုန်းထားကွာဟမှုမရှိသော်လည်း လက်သမား/ပန်းရံလုပ်ငန်းများတွင် လုပ်ခခစာ အနည်းငယ် ကွာဟမှုရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) သဘာ၀ရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **ယာမြေ / တောင်ယာမြေ** | **၁၆၄.၅ဧက** | ကောင်း ☐ သင့်√☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၆၄.၅ဧက** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျွန်းဦးကျေးရွာတွင် ယာမြေအများဆုံးလုပ်ကိုင်ကြပြီး ယာမြေပိုင်ဆိုင်သူ အနည်းငယ်ရှိပါသည်။လယ်ယာမြေများ နှစ်စဉ်ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှုများရှိပြီး ပြောင်းပိုးကျရောက်မှု အခက်အခဲ များရှိကြောင်း ကျေးရွာတင်ပြချက်အရ တွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐မရှိ ☐√ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☐√ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☐ သင့်☐√ နည်း ☐ မရှိ ☐ | လွယ် ☐√ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐√ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐√ နည်း ☐ မရှိ ☐ | လွယ် ☐ √ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐√ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ကျွန်းဦးကျေးရွာတွင် ဓါတ်သတ္တုနှင့် တွင်းထွက်သယံဇာတများ မရှိပါ။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် အင်း၊ အိုင်၊ ကန်၊ချောင်း မရှိသော်လည်း မြေအောက်ရေ ကိုသာ အဓိကထုတ်ယူသုံးစွဲကြပြီး မြေအောက်ရေမှာ အလွယ်တကူ ထုတ်ယူရရှိနိုင်ကြောင်း တွေ့ရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

